ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၂၂ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၂၆/၂၀၂၂)

| | |
|---|---|
| အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅) ဦး<br>ရွှေလရောင်အဆောင်၊ အပြင်ပဒ်၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| Mr. Wang Jiun Hun (အလုပ်ရှင်)<br>Myanmar Rul Xin Shoes Co.,Ltd(ဖိနပ်စက်ရုံ )<br>Mrs. Xiao Min (မန်နေဂျာ)<br>(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊<br>အမှတ်(E-6,8)၊ မြစံပယ်လမ်း၊ မြစိမ်းရောင်စက်မှုဇုန်<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်၊ မြစံပယ်လမ်း၊ အမှတ် (E-6,8)ရှိ Myanmar Rul Xin Shoes Co.,Ltd(ဖိနပ်စက်ရုံ )မှ အလုပ်ရှင် Mr. Wang Jiun Hun ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ Mrs. Xiao Min (မန်နေဂျာ)နှင့် အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅) ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့က လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သည် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်ခဲ့ပါသည်။

ကောက်ချက်။ တောင်းဆိုသူ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅) ဦးအား အလုပ်ပြန်လည်ခန့်ထားပေးရန် သင့်/မသင့်နှင့် ကြားကာလနစ်နာကြေးပေးရန် သင့်/ မသင့်။

ဆုံးဖြတ်ချက်။ (က) တောင်းဆိုသူ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅) ဦးအား မူလနေရာ၊ မူလရာထူး၊ မူလလစာတို့ဖြင့် ဆုံးဖြတ်ချက်ချသည့် နေ့ရက်မှ(၇)ရက် အတွင်း အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်သည်။

(ခ) ကြားကာလနစ်နာကြေးအား OT မပါ နောက်ဆုံးထုတ်လစာဖြင့် အောက်ပါအတိုင်း ထုတ်ပေးရန် ဆုံးဖြတ်လိုက်သည်။

| စဉ် | အမည် | ရာထူး | ကြားကာလနစ်နာကြေး |
|---|---|---|---|
| ၁။ | ဒေါ်သင်းသင်းနု | All Super | ၃၁၀,၁၂၆ |
| ၂။ | ဒေါ်မိုးမိုးအောင် | Super | ၂၀၃,၉၇၆ |
| ၃။ | ဒေါ်ခင်မိုးအေး | Super | ၂၂၁,၁၉၈ |
| ၄။ | ဒေါ်အေးအေးအောင် | Leader | ၁၉၆,၇၁၂ |
| ၅။ | ဒေါ်ညိုညိုဌွေး | Leader | ၁၈၀,၁၂၆ |

<u>အမှုဖြစ်စဉ်အကျဉ်းချုပ် (ခုံသမာဓိအဖွဲ့၏လေ့လာတင်ပြချက်)</u>

၃။ ယခုအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်၊ မြစံပယ်လမ်း၊ အမှတ် (E-6,8) ရှိ Myanmar Rul Xin Shoes Co.,Ltd(ဖိနပ်စက်ရုံ )မှ အလုပ်ရှင် Mr. Wang Jiun Hunနှင့် All Super ဒေါ်သင်းသင်းနုပါ (၅) ဦးတို့အကြား စက်ရုံ၏ လုပ်ငန်းများကို ၁၅-၃-၂၀၂၁ ရက်နေ့မှ ၁-၂-၂၀၂၂ ရက်နေ့အထိ ယာယီပိတ်ထားခဲ့ပြီးနောက် ၁-၂-၂၀၂၂ ရက်နေ့တွင် စက်ရုံပြန်လည်ဖွင့်လှစ်လုပ်ကိုင်ခဲ့သော်လည်း All Super ဒေါ်သင်းသင်းနုပါ (၅) ဦးတို့အား အလုပ်ခွင်သို့ ပြန်လည်ခေါ်ယူခြင်းမရှိသည့်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါရန် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ဦးစွာတင်ပြတိုင်ကြားခဲ့ရာ (၅) ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့သော်လည်း ပြေလည်မှုမရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းတင်ပြခဲ့ပြီး အထက်ပါအတိုင်း ကောက်ချက်များ၊ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ပြီး အငြင်းပွားမှုအပေါ် တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ဒေါ်သင်းသင်းနုပါ

အလုပ်သမား(၅) ဦးတို့က ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီ ခုံအဖွဲ့သို့ ဆက်လက်တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၂၈/၂၀၂၂) အပေါ် ကျေနပ်မှု မရှိ၍ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅) ဦးတို့သည် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာခြင်း အပေါ်ခုံသမာဓိကောင်စီ အငြင်းပွားမှုအမှတ်(၂၆/၂၀၂၂) ဖြင့် သတ်မှတ်၍ အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၏ ၂၉-၆-၂၀၂၂ ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၁၁၃/၂၀၂၂) ဖြင့် စစ်ဆေးရန် ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌ ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဒေါက်တာစောယုဝင်း (အလုပ်ရှင်ကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးသိန်းကြွယ် (အလုပ်သမားကိုယ်စားလှယ်) တို့ ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၅။ ခုံသမာဓိကောင်စီခုံအဖွဲ့သည် COVID 19 ကာကွယ်တားဆီးရေးထိန်းချုပ်ကာလဖြစ်ပါ၍ ယခု အငြင်းပွားမှုကို ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၃ (က) အရ "သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေး ခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်"ဟူသော ပြဋ္ဌာန်းချက်အရ ခုံအဖွဲ့သည် အငြင်းပွားမှုနှင့် သက်ဆိုင်သူ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်း မပြုဘဲ အမှုကို ထိရောက်မှန်ကန် စွာစစ်ဆေးနိုင်ရေးအတွက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရုံး၊ ခုံသမာဓိအဖွဲ့ရုံး အသီးသီးသို့ အဆင့်ဆင့် တင်ပြထွက်ဆိုခဲ့သော ထွက်ဆိုချက်တင်ပြလွှာများ၊ သက်သေခံချက်၊ စာရွက်စာတမ်း အသီးသီး တို့ကို သေချာစိစစ်ခဲ့ပြီး တရားမျှတသော ဆုံးဖြတ်ချက်ရရှိရေးတို့ကို ရှေးရှု၍ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ အကျိုးစီးပွား မထိခိုက်စေရန်နှင့် အငြင်းပွားမှုပြေငြိမ်းစေရေးတို့ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။

<u>အမှုဖြစ်စဉ်အကျဉ်းချုပ် (ခုံသမာဓိကောင်စီ၏ လေ့လာတင်ပြချက်)</u>

၆။ အငြင်းပွားမှုဖြစ်ပွားသည့် ဖိနပ်စက်ရုံသည် အလုပ်သမား ကျား(၃)ဦး၊ မ(၁၂၀) ဦး၊ စုစုပေါင်း (၁၂၃) ဦးရှိပြီး ယခုအငြင်းပွားမှုဖြစ်ပွားသည့် အလုပ်သမားဒေါ်သင်းသင်းနုပါ (၅) ဦးတို့သည် ၁-၇-၂၀၂၀ ရက်နေ့တွင် စတင်အလုပ်ဝင်ရောက်ခဲ့ပြီး ၊ စက်ရုံပိုင်ရှင်မှ လုပ်ငန်းလည်ပတ်ရန် အခက် အခဲရှိသည့်အကြောင်းပြချက်ဖြင့် ၁၅-၃-၂၀၂၁ ရက်နေ့တွင် အကန့်အသတ်မရှိ ပိတ်ထားခဲ့ ပြီးနောက် ယခုအခါ စက်ရုံပြန်လည်ဖွင့်လှစ်၍ လူဟောင်းဖြစ်သူ ဒေါ်သင်းသင်းနုပါ (၅) ဦးတို့အား ပြန်လည်ခေါ်ယူလုပ်ကိုင်ခွင့်မရှိပဲ လူသစ်များဖြင့် လည်ပတ်လုပ်ကိုင်နေ၍ ယခုကဲ့သို့ အငြင်းပွားမှု ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ကောက်ချက်။ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅) ဦးတို့အား မူလအလုပ်၊ မူလရာထူး၊ မူလလစာတို့တွင် ပြန်လည်ခန့်အပ်ခြင်း ပြု/မပြု (ကြားကာလနစ်နာကြေး ခံစားခွင့်အပါအဝင်) နှင့် ခန့်အပ်ခြင်းမပြုပါက တည်ဆဲဥပဒေအမိန့် ကြော်ငြာစာများအရ ပြဋ္ဌာန်းထားသည့် အလုပ်ရပ်စဲမှုဆိုင်ရာ ခံစားခွင့်များ ပြုသင့်/မသင့်။

<u>စစ်ဆေးတွေ့ရှိချက်</u>

၇။ ယခုအငြင်းပွားမှုသည် အလုပ်ရှင်မှ အလုပ်သမားများအား စက်ရုံကို မူလအခြေအနေ အတိုင်း ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း၊ ယာယီရပ်နားထားသည့် အလုပ်သမားများထံသို့ ပြန်လည်အကြောင်းကြားမှု တရားဝင်စာဖြင့် ကြေငြာထားချက်များကို ပေါ်လွင်သိသာစွာ တင်ပြ ထားချက်များကို မတွေ့ရှိပါကြောင်းနှင့် အလုပ်သမားတို့မှလည်း တရားဝင်ဆက်သွယ်မှု အကြောင်းကြားလွှာများကို စစ်ဆေးတွေ့ရှိရခြင်းမရှိပါ၍ အလုပ်ရှင်၊ အလုပ်သမား ဆက်သွယ်ရေး အားနည်းမှုကြောင့် ယခုအငြင်းပွားမှုပေါ်ပေါက်လာရခြင်းဖြစ်၍ ခုံသမာဓိကောင်စီ ခုံအဖွဲ့သို့ ၂၇-၆-၂၀၂၂ ရက်နေ့တွင် ဒေါ်သင်းသင်းနုပါ (၅) ဦးတို့မှ တင်ပြချက်ပါ အလုပ်ပြန်ခန့်မည်ဆိုပါက စတင်တိုင်ကြားသည့်နေ့မှ ပြန်ခန့်သည့်နေ့အထိ ကြားကာလနစ်နာကြေးပေးရမည်နှင့် ပြန်မခန့် ပါက (၈၄/၂၀၁၅) နှင့်အညီ ပေးရမည်ဟု တင်ပြတောင်းဆိုထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၈။ မိမိတို့ခုံအဖွဲ့အနေဖြင့် အစွန်းနှစ်ဖက်ကြားမှ ကင်းလွတ်စေရန်နှင့် တရားမျှတမှုရှိစေရန် အတွက် သင့်လျော်ကောင်းမွန်သောအချက်အလက်များကို ရယူပြီး ဥပဒေနှင့်အညီ ထိုက်သင့်သော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ရန် အောက်ပါအတိုင်းသုံးသပ်ချက်ကို ချမှတ်ခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၉။ ယခုအငြင်းပွားမှုဖြစ်စဉ်သည် အလုပ်ရှင်မှ စက်ရုံလည်ပတ်ရန် အခက်အခဲရှိ၍ ယာယီပိတ် သိမ်းရပ်နားရသောကာလတွင် အလုပ်သမားဒေါ်သင်းသင်းနုပါ (၅) ဦးတို့အား လုပ်ငန်းခွင်မှ ယာယီရပ်စဲခဲ့ပြီးနောက် စက်ရုံကို ၃-၂-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်လည်ပတ်ခဲ့သော်လည်း လူဟောင်းအလုပ်သမားများကို ထိရောက်စွာဆက်သွယ်ခေါ်ယူခြင်းမရှိဘဲလူသစ်များကို ဖြည့်တင်း ခန့်ထားခဲ့သဖြင့် အလုပ်ရှင်အနေဖြင့် ကာလတာရှည်စွာ အလုပ်မှယာယီရပ်နားခဲ့ရသော လုပ်သား ထံသို့ ဆက်သွယ်ခန့်အပ်သင့်သည်ဟု သုံးသပ်ပါသည်။ အကယ်၍ ပြန်လည်ခန့်အပ်လိုသော ဆန္ဒ မရှိပါကလည်း ဥပဒေနှင့်အညီ သင့်လျော်သည့် အလုပ်ရပ်စဲမှုနစ်နာကြေးများကို လုပ်သက်အလိုက်

ခံစားခွင့်ပြုသင့်သည်ဟု သုံးသပ်ပါသည်။ သို့ဖြစ်၍ ခုံသမာဓိကောင်စီ ခုံအဖွဲ့သည် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သင့်သည့် သင့်မြတ်မှန်ကန်သော ဆုံးဖြတ်ချက်တစ်ရပ်ကို မလွဲမသွေချမှတ်ရမည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်များကို နည်းဥပဒေ ၂၃(င) အရ ပယ်ဖျက်၍ အောက်ပါအတိုင်းပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်။ အလုပ်မှရပ်စဲထားသော အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅) ဦးတို့အား အလုပ်သမားဝန်ကြီးဌာန၏ (၈၄/၂၀၁၅) အမိန့်ကြော်ငြာစာပါ အလုပ်ရပ်စဲမှုနှုန်းထားများနှင့်အညီ အောက်ပါအတိုင်းလုပ်သက်အလိုက် ခံစားခွင့်ပြု၍ အလုပ်မှရပ်စဲရန်ဆုံးဖြတ်သည်။

| စဉ် | အမည် | ရာထူး | လုပ်သက်ကာလ | နို့တစ်ကြေး တစ်လစာ | လုပ်သက်အလိုက် နစ်နာကြေး | ခံစားခွင့် စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | ဒေါ်သင်းသင်းနု | All Super | ၁နှစ် ၆လ | ၃၁၀,၁၂၆ | ၃၁၀,၁၂၆ | ၆၂၀,၂၅၂ |
| ၂။ | ဒေါ်မိုးမိုးအောင် | Super | ၁နှစ်၁လ | ၂၀၃,၉၇၆ | ၂၀၃,၉၇၆ | ၄၀၇,၉၅၂ |
| ၃။ | ဒေါ်ခင်မိုးအေး | Super | ၁နှစ်၅လ | ၂၂၁,၁၉၈ | ၂၂၁,၁၉၈ | ၄၄၂,၃၉၆ |
| ၄။ | ဒေါ်အေးအေးအောင် | Leader | ၁နှစ်၆လ | ၁၉၆,၇၁၂ | ၁၉၆,၇၁၂ | ၃၉၃,၄၂၄ |
| ၅။ | ဒေါ်ညိုညိုမွေး | Leader | ၁နှစ်၆လ | ၁၈၀,၁၂၆ | ၁၈၀,၁၂၆ | ၃၆၀,၂၅၂ |

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၀။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့အရကောက်ခံရမည်။

| | | |
|---|---|---|
| ဒေါက်တာစောယုဝင်း | ဦးသောင်းစိန် | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |